# နွေဦးအသံ
**the voice of spring**

9.4.2021 · Friday · No . 4 · Daily News Pamphlet


## အထူးလေးနက်စွာ မေတ္တာရပ်ခံတောင်းဆိုခြင်း

မတရားသဖြင့် နိုင်ငံတော် အာဏာလုယူထားသည့် စစ်သွေးကြွ အကြမ်းဖက်အုပ်စုအား အရှိန်အဟုန်မပြတ် ဆက်လက်ဆန့်ကျင်ခြင်းအားဖြင့်လည်းကောင်း၊

ကျဆုံးခဲ့ရသော အာဇာနည်တို့၏ အသက်များနှင့် ဖမ်းဆီးခံ သူရဲကောင်းတို့၏ပေးဆပ်မှုများကို လေးစားသောအားဖြင့် လည်းကောင်း၊

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလ၏ ပျော်ပွဲရွှင်ပွဲများအပါအဝင် အလှူပွဲများ ကျင်းပခြင်း၊ ပါဝင်ဆင်နွှဲခြင်းများ မပြုလုပ်ကြပါရန် အထူးလေးနက်စွာ မေတ္တာရပ်ခံ တောင်းဆိုအပ်ပါသည်။

## နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ရန်ကုန်အရှေ့ပိုင်းခရိုင်၌ စွဲဆိုထားသည့်အမှုအား ဧပြီ ၇ ရက်မှ ၁၁ ရက်နေ့သို့ ရုံးချိန်းရွှေ့ပြောင်းခဲ့

သတင်းတို

ရင်းမြစ် - ဘီဘီစီမှ

## စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့၌ အင်အားအလုံးအရင်းသုံး၍ ပစ်ခတ်ဖြိုခွင်းခဲ့ရသဖြင့် ပြည်သူ(၁၁)ဦးခန့်ကျဆုံးခဲ့ရ

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

## ခြေလှမ်းတိုင်းမှာ ပန်းများပွင့်စေ "ဖိနပ်သပိတ်" ပြုလုပ်နေကြ






ဧပြီလ ၈ ရက်၊ တနိုင်ငံလုံးအနှံ့ ပြုလုပ်ခဲ့သည့် 'ခြေလှမ်းတိုင်းပန်းပွင့်စေ' လှုပ်ရှားမှုတခုကို တွေ့ရစဉ်-(ဓါတ်ပုံ-စီဂျေ)

## မွန်ပြည်နယ်၊ ပေါင်မြို့နှင့် ရေဝတီတိုင်း၊ မြို့အချို့ရှိ လူနေအိမ်နှင့် ဆိုင်များမှ PSI စက်နှင့် စလောင်းများကို ဥပဒေမဲ့လိုက်လံသိမ်းဆည်းနေ

ရင်းမြစ် - မဇ္ဈိမ မှ

## စစ်တပ်က အာဏာသိမ်းသည့်ကိစ္စကို မှတ်ချက်မပေးလိုဟု ဝ လက်နက်ကိုင်အဖွဲ့ပြော

သတင်းတို

ရင်းမြစ် - ဧရာဝတီမှ

## အဖမ်းဆီးခံ မွန်ပြည်နယ်ဝန်ကြီးချုပ်ကို အာဏာလုအဖွဲ့က အဂတိပုဒ်မထပ်တိုး၍တရားစွဲ

သတင်းတို

ရင်းမြစ် - ဧရာဝတီမှ

## ဗြိတိန်မြန်မာသံအမတ် CRPH နှင့် ပူးပေါင်းမည်ဟု သံရုံးကို အလုခံရပြီးနောက် ပြောကြား

သတင်းတို

ရင်းမြစ် - ဘီဘီစီမှ

## ကျန်းမာရေးဆိုးဝါးနေသည့် သရုပ်ဆောင် ပိုင်တံခွန် နေအိမ်တွင် အဖမ်းခံခဲ့ရ

သတင်းတို

ရင်းမြစ် - ဘီဘီစီမှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်းမှတ်စု

ဧပြီလ (၈) ရက်၊ ၂၀၂၁



www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com

- မကွေးတိုင်း၊ မင်းဘူးမြို့နယ်ရှိ မန်းရေနံမြေ၊ သန်ကန်တန်း(၁)၌ ဧပြီ (၇) ရက်၊ ညက မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျပ်ငွေ သိန်း ၁၇၀ ဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့ဟုသိရ။
- မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်ရှိ ပိန်းပြစိ အပေါ်ရွာ၌ အာဏာလုအကြမ်းဖက်အုပ်စု က ပြည်သူများ၏ နေအိမ်အတွင်းသို့ ခွင့်မ တောင်းဘဲဝင်ရောက်၍တပ်ဖြန့်နေကြောင်း သိရ။
- ရေးမြို့နယ်ရှိ KNUတပ်စခန်းကို အကြမ်းဖက်စစ်အုပ်စုက လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့။
- လန်ဒန်မြို့ရှိ မြန်မာသံရုံးကို အာဏာလု အကြမ်းဖက်အဖွဲ့၏ သြဇာခံများက ဝင်ရောက် စီးနင်းပြီး မြန်မာသံအမတ်ကြီးကို သံရုံးတွင်းသို့ ဝင်ခွင့်မပေးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားပြီးနောက် မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းက CRPH နှင့် ပူးပေါင်းမည်ဟု ပြောကြားခဲ့။
- ကချင်ပြည်နယ်၊မိုးညှင်းမြို့နယ်၊ နန်းမားမြို့ရှိ အုပ်ချုပ်ရေးမှူးရုံးအား ပြည်သူ့ရုံးအဖြစ် နန်းမားမြို့လူထုမှ စာကပ်ကြေငြာခဲ့။
- ရန်ကုန်မြို့ရှိ ကျောင်းသားလူငယ်များက "လုံး၀ အုပ်ချုပ်လို့ မရစေရ" စာသားကို လမ်းကြို၊ လမ်းကြားများ၊ ဓာတ်တိုင်များ၊ ကားမှတ်တိုင်များနှင့် နံရံများပေါ်တွင် အနီရောင်ခြယ်၍ လှုပ်ရှားခြင်း စတင်ပြုလုပ်ခဲ့ကြ။
- ပုသိမ်မြို့ရှိ ဆန္ဒပြပြည်သူများ အကြမ်းဖက်ခံနေရစဉ် သတင်းယူနေသောကြောင့် ဖမ်းဆီးခံရသူ သံတော်ဆင့် သတင်းထောက်အား ၅၀၅(က)၊ ပုဒ်မ ၅၀၅(ခ) စသော ပုဒ်မနစ်ခုဖြင့် ပုသိမ်အကျဉ်းထောင်အတွင်း ရုံးထုတ်စစ်ဆေး။
- ကချင်ပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်း ဒေသတွင် ယုဇနကုမ္ပဏီမှ ၁၅ နှစ်ကြာ သိမ်းယူပြီး ပီလောပီနံ စိုက်ပျိုးနေသည့် မြေများကို ဒေသခံများက ပြန်လည် သိမ်းယူခဲ့။
- ဧပြီလ ၇ ရက်နေ့၊ ကလေးမြို့ဖြိုခွင်းခံရမှု၌ ကျဆုံးခဲ့ရသော ၂၃ နှစ်အရွယ် မောင်အာကာသူအောင်၏ ရုပ်အလောင်းကို ကလေးမြို့လူထုက ကံပုလဲသုဿန်သို့ လိုက်ပါပို့ဆောင်အလေးပြုခဲ့ကြ။
- တိုကျိုမြို့၊ မြန်မာသံရုံးမှ CDM သံတမန် ၂ ဦး၏နေရာ၌ အစားထိုးခန့်အပ်မည့်သူများကို သံတမန်ဗီဇာ ထုတ်မပေးရေး ဂျပန်ရောက်မြန်မာများက ဂျပန်အစိုးထံ တောင်းဆိုလှုပ်ရှားမှုတခု ပြုလုပ်နေကြောင်းသိရ။
- မုံရွာ-အမြင့်လမ်းရှိ ကျေးရွာများနှင့် မုံရွာမြို့။ ရန်ကုန်၊ သန်လျင်။ ပဲခူးတိုင်း၊ ဒိုက်ဦးမြို့။ ရှမ်းပြည်နယ် ကျောက်မဲမြို့တို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့ကြ။
- မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ လူငယ်များက အကြမ်းဖက်စစ်တပ်၏အလံများကို မီးရှို့ပြီး ဆန္ဒပြခဲ့ကြ။
- ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၊ လယ်မီးကျေးရွာလမ်းတလျှောက်၌ အကြမ်းဖက်စစ်အုပ်စုသြဇာခံဝန်ထမ်းများ၏ ဓါတ်ပုံများကပ်၍ လူမှုရေးပြစ်ဒဏ်ပေးခဲ့ကြ။
- ပဲခူးတိုင်း၊ ပဲခူးမြို့၊ စစ်ကိုင်းတိုင်း၊ ကသာမြို့၊ ရေဦးမြို့နှင့် မိုးကုတ်မြို့တို့၌ လူအင်အားရာချီပြီး သပိတ်စစ်ကြောင်းများစုပေါင်းချီတက်ကာ အရှိန်မပြတ် ဆန္ဒပြခဲ့ကြ။
- အကြမ်းဖက်စစ်အုပ်စုအဖွဲ့က နေရာအနှံ့အင်အားသုံးပြီး ပိတ်ဆို့နေသည့်ကြားမှ မြတောင် သပိတ်စစ်ကြောင်း အရှိန်အဟုန်မပြတ် ချီတက်ဆန္ဒပြနိုင်ခဲ့။
- *သပိတ်မှတ်စု*
- အင်းစိန်၊ ကြို့ကုန်း။ ရန်ကုန်၊သာကေတ။ ကျုံပျော်မြို့နယ်၊ အင်းရဲကျေးရွာ။ မိုးကုတ်မြို့။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးမြို့။ ရန်ကုန်၊ တောင်ဒဂုံမြို့နယ် ။ လှိုင်ကော်မြို့၊ နောင်ယား။ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်။ ကယား (ကရင်နီ) ပြည်နယ် နာနတ်တောရပ်ကွက်။ ကန့်ဘလူမြို့။ ရန်ကုန်၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်။ ဖားကန့်၊ ဆိုင်းတောင်ကျေးရွာ။ ပုသိမ်မြို့၊ ကျောက်ငူရပ်။ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်။ ပဲခူးတိုင်း၊ ဖြူးမြို့။ မန္တလေးမြို့၊ အောင်ပင်လယ်။ ရန်ကုန်၊ လှိုင်မြို့နယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်။ ပုဂံညောင်ဦးမြို့နယ်၊ ကြအိုကျေးရွာ။ ရန်ကုန်၊ ဒလမြို့။ ရွှေဘိုမြို့နယ်၊ နမစားရစ်ကျေးရွာ။ ဘုတလင်မြို့နယ်၊ ကင်းစမ်းကျေးရွာ။ ကြာအင်းဆိပ်ကြီးမြို့နယ် ကွမ်ကသောင်၊ ဖာထရယ် ကျေးရွာအုပ်စု။ ဆားလင်းကြီးမြို့နယ်၊ ကံကုန်းကျေးရွာ။ မန္တလေး၊ ငါန်းဇွန်မြို့နယ်၊ မြို့သာမြို့။ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့ အစရှိသည့် မြို့ကြီးများ၌ သပိတ်စစ်ကြောင်းများ ချီ၍ အရှိန်အဟုန်မပြတ် ဆန္ဒဖော်ထုတ် ခဲ့ကြကြောင်း သိရ။

ရင်းမြစ် – ခေတ်သစ်၊ရောဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၇)ရက်အထိ

ကျဆုံးသူဦးရေ
- ၅၉၈ ဦး
( ကလေးငယ် ၄၈ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၂၈၄၇ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၄၈၁ ဦး

ရင်းမြစ် – အေအေပီပီမှ



ရန်ကုန်မြို့ရှိ ညော့်စာရင်းမတိုင်ရေး တောင်းဆိုဆန္ဒဖော်ထုတ်မှုတစ်ခုအား တွေ့နေစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

ညော့်
စာရင်း
တိုင်
မယ်ဆို
CDM
တွေကို
အားနာပါ

နွေဦးအသံ
the voice of spring